**ပြည်ပယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး**

၁။ မြန်မာနိုင်ငံအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းစီမံချက် Myanmar National Road Safety Action Plan (2021-2030) ကိုချမှတ်၍ ယာဉ်အန္တရာယ် လမ်းအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။

၂။ ကမ္ဘာလုံးဆိုင်ရာအနေဖြင့် UN မှပြဋ္ဌာန်းထားသည့် Global Plan for UN’s Decade of Action for Road Safety (2021-2030) အရလိုက်နာဆောင်ရွက်လျက်ရှိပါသည်။ UN အဖွဲ့ဝင်နိုင်ငံများအနေဖြင့် Global Action Plan ကိုပြည့်မီရန်အတွက် 12 Voluntary Performance Targets ကိုဦးတည်ဆောင်ရွက်နေပါသည်။ ထို Voluntary Performance Targets (၁၂) ချက်မှာ-

(က) ရည်မှန်းချက် (၁) - ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် ပြည့်စုံကောင်းမွန်ပြီး ကဏ္ဍစုံပါဝင်သော အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးလုပ်ငန်းစီမံချက်ကို ချမှတ်ပြီးအချိန်သတ်မှတ်ချက်ပါသော ရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(By 2020, all countries establish a comprehensive multisectoral national road safety action plan with time –bound targets.)

(ခ) ရည်မှန်းချက် (၂) - ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ နိုင်ငံအားလုံးသည် UN က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအတွက် ပြဋ္ဌာန်းချုပ်ဆိုထားသော စာချုပ်များထဲမှ အရေးကြီးသည့် စာချုပ်တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသည့် စာချုပ်များကို လက်ခံအတည်ပြုကျင့်သုံးကြရန်။

(By 2030, all countries accede to one or more of the core road safety-related UN legal instruments.)

(ဂ) ရည်မှန်းချက်(၃) - လမ်းအသုံးပြုသူများအားလုံး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး အတွက် ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ လမ်းအသစ်များအားလုံးကို နည်းပညာစံနှုန်းများနှင့်အညီ ကိုက်ညီစေရေး သို့မဟုတ် 3-star အဆင့်နှင့် 3-star အဆင့်ထက်ပို၍ ကောင်းမွန်သောလမ်းများ အသုံးပြုနိုင်စေရေးဆောင်ရွက်ကြရန်။

(By 2030, all new roads achieve technical standards for all road users that take into account road safety, or meet a three star rating or better.)

(ဃ) ရည်မှန်းချက်(၄) - လမ်းအသုံးပြုသူများအားလုံး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ လမ်းပေါ်တွင်သွားလာနေသည့် ခရီးစဉ် (၇၅) ရာခိုင်နှုန်းကျော်သည်နည်းပညာစံနှုန်းများနှင့်အညီ တည်ဆောက်ထားသည့် လမ်းများပေါ်၌ မောင်းနှင်သွားလာနိုင်စေရေးဆောင်ရွက်ကြရန်။

(By 2030, more than 75% of travel on existing roads is on roads that meet technical standards for all road users that take into account road safety.)

(င) ရည်မှန်းချက် (၅) - ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ မော်တော်ယာဉ်အသစ်များ (ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တင်သွင်းခြင်းစသည်တို့ကိုဆိုသည်) ၁၀၀% နှင့် အသုံးပြုနေဆဲ မော်တော်ယာဉ်များသည် UN စည်းမျဉ်းများနှင့်လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ နည်းပညာသတ်မှတ်ချက်များနှင့်လည်းကောင်း၊ နိုင်ငံအလိုက်သတ်မှတ်လိုက်နာ ပြဌာန်းကျင့်သုံးသည့် သတ်မှတ်ချက်များနှင့် လည်းကောင်းညီညွတ်ကိုက်ညီစေရေး ဆောင်ရွက်ကြရန်။

(By 2020, 100% of new (defined as produced, sold or imported) and used vehicles meet high quality safety standards, such as the recommended priority UN Regulations, Global Technical Regulations, or equivalent recognized national performance requirements.)

(စ) ရည်မှန်းချက်(၆) - ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ သတ်မှတ်အမြန်နှုန်းထက်ကျော်လွန် သွားလာသော ယာဉ်အချိုးအား ထက်ဝက်လျှော့ချပြီး ထိခိုက်ဒဏ်ရာရမှုနှင့် အမြန်နှုန်းကြောင့်ဖြစ်ပေါ်ရသည့် ဒဏ်ရာရမှုနှင့်သေဆုံးမှုများကို လျှော့ချနိုင်ရေးဆောင်ရွက်ကြရန်။

(By 2030, halve the proportion of vehicles travelling over the posted speed limit and achieve a reduction in speed-related injuries and fatalities.)

(ဆ) ရည်မှန်းချက်(၇) - ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ စံချိန်စံညွှန်းနှင့်ကိုက်ညီသော မော်တော်ဆိုင်ကယ်ဦးထုပ်ကို မော်တော်ဆိုင်ကယ် စီးနင်းသူ(၁၀၀) ရာခိုင်နှုန်းနီးပါးတပ်ဆင်စီးနင်းစေရေး ဆောင်ရွက်ကြရန်။

(By 2030, increase the proportion of motorcycle riders correctly using standard helmets to close to 100 %.)

(ဇ) ရည်မှန်းချက်(၈) - ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ မော်တော်ယာဉ်စီးနင်းသူ(၁၀၀) ရာခိုင်နှုန်းနီးပါးထိုင်ခုံခါးပတ် တပ်ဆင်စီးနင်းစေရေးနှင့် ကလေးများအတွက် ကလေးထိုင်ခုံအသုံးပြုမှုကိုလည်း (၁၀၀) ရာခိုင်နှုန်းနီးပါး အသုံးပြုကြစေရေး ဆောင်ရွက်ကြရန်။

(By 2030, increase the proportion of motor vehicle occupants using safety belts or standard child restraint systems to close to 100 %.)

(ဈ) ရည်မှန်းချက် (၉) - ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ အရက်သေစာနှင့် စိတ်ကြွဆေးကို သောက်စားသုံးစွဲသော ယာဉ်မောင်းများကြောင့် ဖြစ်ပေါ်သည့် ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုအရေအတွက်ကို ထက်ဝက်လျှော့ချစေရေး ဆောင်ရွက်ကြရန်။

(By 2030, halve the number of road traffic injuries and fatalities related to drivers using alcohol, and/or achieve a reduction in those related to other psychoactive substances.)

(ည) ရည်မှန်းချက် (၁၀) - ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ နိုင်ငံအားလုံး၌ ကားမောင်းနေစဉ် မိုဘိုင်းဖုန်းအသုံးပြုမှုကိုတားမြစ်သည့် သို့မဟုတ် ပိတ်ပင်သည့်ဥပဒေများ ပြဋ္ဌာန်းကျင့်သုံးရေးအတွက် ဆောင်ရွက်ကြရန်။

(By 2030, all countries have national laws to restrict or prohibit the use of mobile phones while driving.)

(ဋ) ရည်မှန်းချက်(၁၁)- ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ နိုင်ငံအားလုံး၌ ကျွမ်းကျင်ယာဉ်မောင်းများအတွက် ယာဉ်မောင်းချိန်နှင့် အနားယူချိန်ကို ကန့်သတ်သည့် စည်းမျဉ်းစည်းကမ်းများပြဋ္ဌာန်းရေးနှင့် နိုင်ငံတကာ/ ဒေသဆိုင်ရာစည်းမျဉ်း သတ်မှတ်ချက်များကိုလိုက်နာရေး ဆောင်ရွက်ကြရန်။

(By 2030, all countries to enact regulation for driving time and rest periods for professional drivers, and/or accede to international/ regional regulation in this area.)

(၄) ရည်မှန်းချက် (၁၂) - ၂၀၃၀ ပြည့်နှစ်ရောက်ချိန်၌ နိုင်ငံအားလုံးသည် ယာဉ်တိုက်ခိုက်မှုအတွက် အရေးပေါ်စောင့်ရှောက်ပေးသည့်အချိန်ကို လျှော့ချနိုင်ရေးအတွက် ရည်မှန်းချက်ချမှတ် ဆောင်ရွက်ကြရန်။

(By 2030, all countries establish and achieve national targets in order to minimize the time interval between road traffic crash and the provision of first professional emergency care.)

၃။ 12 Voluntary Performance Targets နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသောအခြေအနေ PowerPoint Presentation အား **<u>ပူးတွဲ(၁)</u>** ဖြင့်ဖော်ပြထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် UN ၏ Minimum Set of Road Crash Report ပါ အချက်အလက်များနှင့်အညီ ကောက်ယူနိုင်ရေး Road Crash Database System အား အဆင့်မြှင့်တင်ပြီးဖြစ်ပါသည်။ Minimum Set of Road Crash Report တွင်ပါရှိသည့် အချက်များအား **<u>ပူးတွဲ(၂)</u>** ဖြင့်ဖော်ပြထားပါသည်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့အနေဖြင့် အဆိုပါ Road Crash Database System အားတစ်ပြေးညီ အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

**၄။** အာဆီယံဒေသတွင်း၌လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အနေဖြင့် Multisector Road Safety Sub-Working Group (MRSSW) Road Safety ဆိုင်ရာ အစည်းအဝေးကိုပါဝင်တက်ရောက်၍ အာဆီယံနိုင်ငံများနည်းတူ ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာဆောင်ရွက်မှုအနေဖြင့် International Transport Forum ၊ Asia Development Bank ၊ United Nations စသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ယာဉ်အန္တရာယ်လမ်းအန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။